# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 19, 2020 Volume 28, Number 12

၁၉.၂.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၈၆/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၃၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၄၆/- ကျပ် |
| CBM Rate | = ၁၄၅၀.၇ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၇.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၄၃.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၅.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၆.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၂.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၇.၅၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၂၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၂.၀၁ ကျပ် |
| မလေးရှားရင်းဂစ် | =၃၄၈.၇၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၆.၅၁၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ငါးလအတွင်း ခူးဆွတ်ရောင်းချနိုင်သည့် မာလကာပင်များကို စီးပွားဖြစ်စိုက်ပျိုးသူများပြားလာ



ရေဝတီတိုင်းဒေသကြီး မြို့နယ်အချို့တွင် ငါးလအတွင်း ခူးဆွတ်ရောင်းချနိုင်သည့် မာလကာပင်များကို စီးပွားဖြစ်စိုက်ပျိုးသူ များပြားလာကြကြောင်း ဒေသတွင်း မာလကာပင် စိုက်ပျိုးသည့် တောင်သူများထံမှ၍သိရသည်။ " မနှစ်တုန်းက အခု မာလကာပင်ကို နည်းနည်းစမ်းစိုက်ခဲ့တယ်။ အောင်မြင်ဖြစ်ထွန်းတဲ့အတွက် ငါးလအတွင်းအသီးတွေ ရောင်းထုတ်နိုင်ခဲ့လို့ အခုလိုစီးပွားဖြစ်ထပ်တိုးစိုက်တာပါ၊ အခုတော့ တစ်ဦးတည်းအပင် ၂၅၀၀ ခြံသုံးခြံစိုက်ထားပါတယ်။ နောက်ဈေးကွက် ထွက်နှုန်းကို မူတည်ပြီး ထပ်တိုးချဲ့စိုက်သွားဖို့လည်း အစီအစဉ်ရှိပါတယ်။ အခု စိုက်ပျိုးတဲ့မျိုးဟာ ငါးလအတွင်းအသီးကို ပြန်လည်ခူးဆွတ်ရောင်းချနိုင်တဲ့မျိုးပါ"ဟု ရေဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၊ မရမ်းကျေးရွာက မာလကာပင် ၇၅၀၀ စိုက်ပျိုးထားသူ ဦးရင်ဒွေးကပြောသည်။

အဆိုပါ မာလကာပင်များကို ဒေသတွင်းရှိ စိုက်ပျိုးရေးသီးနှံဆိုင်များတွင် ထိုင်ဝမ်မာလကာမျိုးစေ့ဝယ်ယူကာ တောင်သူများကိုယ်တိုင် စနစ်တကျစမ်းသပ်ပျိုးထောင်စိုက်ပျိုးခြင်းဖြစ်ပြီး လက်ရှိစိုက်ပျိုးထားသည့်အပင်များက ကာလတို အတွင်း ငွေပြန်ဝင်မည်ဖြစ်ကြောင်းသိရသည်။ " ကိုယ့်ဘာသာလေ့လာပြီး စနစ်တကျပျိုးထောင်စိုက်ပျိုးတာပါ။ အဲဒီလိုစိုက်ပျိုးနိုင်တဲ့အတွက် မျိုးစေ့ဖိုးသာ ကုန်ကျစရိတ်ရှိပြီး အပင်ဖိုး ကုန်ကျစရိတ်သက်သာပါတယ်။ အပင်လည်း ကိုယ့်ဘာသာပျိုးထာဆိုတော့ ပိုရင်ပိုသလို ပိုစိုက်လို့ရတယ်။ အခုလစိုက်ထားလိုက်ရင် လေးလကျော်၊ ငါးလအတွင်းမှာ ငွေပြန်ဝင်တာမို့ တခြားရာသီပေါ်အသီးအနှံတွေနဲ့ ယှဉ်တဲ့အခါ မာလကာပင်က ပိုးမကျ၊ သဘာဝဘေးကြောင့် မပျက်စီးရင် ပိုတွက်ခြေကိုက်တဲ့အတွက် စိုက်တာပါ"ဟု ဘိုကလေးမြို့က မာလကာပင်စိုက်သည့် တောင်သူ ဦးအုန်းဝင်းကပြောသည်။

ရေဝတီတိုင်းဒေသကြီးအတွင်း မာလကာပင်မျိုးကို ကျိုက်လတ်၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း မြို့နယ်တို့၌ အများဆုံးစိုက်ပျိုးကြပြီး ၊ တောင်သူတစ်ဦးလျှင် အပင် ၂၅၀၀ ဆံ့ တစ်ကေမှ သုံးကေအထိ စိုက်ပျိုးကြကာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း စတင်စိုက်ပျိုးထားပါက ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် အသီးစတင် ခူးဆွတ်ရောင်းချနိုင်မည်ဖြစ်ကြောင်းသိရသည်။

Source: https://www.thefarmermedia.com/news/14705

## ကြာချည်ဖြင့်ရက်လုပ်သောအထည်များ ပြည်ပတိုးချဲ့တင်ပို့နိုင်ရန် စီစဉ်နေ

ကြာပင်ကရရှိသည့် ကြာချည်ဖြင့်ရက်လုပ်သောအထည်များကို ပြည်ပနိုင်ငံများသို့ တိုးချဲ့တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း ကြာချည်လုပ်ငန်း Pan Organic wear ကသိရသည်။ “ ကြာချည်ကနေရက်တဲ့ အထည်တွေကို ပြည်ပနိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကို တင်ပို့နေပါတယ်၊ အဲဒီနိုင်ငံအပြင် တခြားနိုင်ငံတွေကိုလည်း တိုးချဲ့တင်ပို့ဖို့အတွက် လုပ်ဆောင်လျက်ရှိပါတယ်။ တင်ပို့မှုအပိုင်းမှာလည်း များများစားစားတော့ တင်ပို့နိုင်ခြင်းမရှိသေးပါဘူး၊ ဘာလို့လဲဆိုတော့ များများစားစားထုတ်လုပ်ဖို့က မလွယ်ကူသေးလို့ပါ”ဟု Pan Organic wear မှ ဦးနေမျိုးသက်ကပြောသည်။

ကြာချည်ထုတ်လုပ်မှုအဖြစ် မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင်ပေါက်ရောက်သော ကြာများကိုချိုးဆွတ်ကာ ကြာချည်ကို ထုတ်လုပ်ရကြောင်း၊ ရရှိလာသည့် ကြာချည်များကို သဘာဝဆိုးဆေးဖြင့် အရောင်ဆိုးရကြောင်း၊ ထို့နောက်ချည်များကို အထည်အဖြစ် အဆင့်ဆင့်ရက်လုပ်ရကြောင်းသိရသည်။ “ ရက်ကန်းတစ်ထည်ရဖို့ လွယ်လွယ်ကူကူရတာမဟုတ်ပါဘူး။ ပဝါတစ်ထည်ရဖို့ဆိုရင် သုံးရက်လောက်ကြာပါတယ်။ လုံချည်တစ်ထည်ဆိုရင် အဆင်ဒီဇိုင်းပေါ်မူတည်ပြီး တစ်ပတ်ကနေ တစ်လအထိ ကြာပါတယ်။ နည်းနည်းလေးနဲ့ကောင်းအောင် ထုတ်လုပ်ရတာမျိုးပါ”ဟု ၎င်းကပြောသည်။

ကြာချည်များမှာ တစ်နှစ်လုံးတွင် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ သုံးလတွင်းသာ ရှားပါးပြီး ကျန်လများ၌ ပုံမှန်ရရှိကြောင်း၊ ကြာချည်တစ်ပိဿာလျှင် ကျပ်သုံးသိန်းမှ ကျပ်လေးသိန်းကျော်အထိ ဈေးနှုန်းရှိကြောင်း သိရသည်။

ပြည်ပတင်ပို့မှုရှိသော်လည်း ပြည်တွင်း၌ဝယ်ယူသုံးစွဲမှုနည်းပါးခြင်းကြောင့် ကြာချည်ဖြင့် ထုတ်လုပ် သောအထည်လုပ်ငန်းများနှင့် အခြားရက်ကန်းထည်လုပ်ငန်းများမှာ အခက်အခဲများဖြစ်နေကြောင်း သိရသည်။ “ ပြည်တွင်းဖြစ်ကို အားပေးစေချင်တယ်။ ပြည်တွင်းက အလုပ်အကိုင်တွေ တော်တော်လေး ခက်ခဲနေကြပါတယ်။ ရုတ်ကန်နေရပါတယ်။ ထွက်တဲ့သူတွေကလည်း ထွက်ကုန်ကြပါပြီ။ ကျွန်တော်ပြောချင်တာက နိုင်ငံခြားဖြစ်ကို အားပေးမယ့်အစား ပြည်တွင်းဖြစ်ကို အားပေးကြပါလို့” ဟု ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူ ကိုမြင်းကြီးကပြောသည်။ ရက်ကန်းထည်လုပ်ငန်းများကို အမရပူရမြို့နယ်အတွင်း အများဆုံးပြုလုပ်ကြပြီး ယခုအခါတွင် လုပ်ကိုင်သူများမှာ သုံးပုံတစ်ပုံခန့်သာကျန်ရှိတော့ကြောင်းသိရသည်။

**Source: The Farmer Journal**

## တရုတ်-မြန်မာခရီးစဉ်များ ရပ်ဆိုင်းထားရန် ဟိုတယ်ခရီးထုတ်ပြန်




တရုတ်နိုင်ငံတွင် အဓိကဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ကာကွယ်နိုင်ရန်နှင့် ခရီးသည်များဘေးကင်းစေရန် ရည်ရွယ်ချက်ဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံကြားခရီးစဉ်များကို ခေတ္တရပ်ဆိုင်းထားရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ လက်ရှိတွင် တရုတ်နိုင်ငံသားများကို ဆိုက်ရောက်ဗီဇာစနစ်ဖြင့် ဝင်ရောက်ခွင့်ပြုခြင်းကိုဆိုင်းငံ့ထားပြီး အွန်လိုင်း အီးဗီဇာစနစ်နှင့်သံရုံးများမှ ထုတ်ပေးသော ဗီဇာများဖြင့်သာ ဝင်ရောက်ခွင့်ပြုသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီးဗီဇာစနစ် လျှောက်ထားသည့်နေ့မှစပြီး လွန်ခဲ့သည့် ၁၄ ရက်အတွင်း ဟူပေးပြည်နယ်သို့ သွားရောက်နေထိုင်ခဲ့ဖူးခြင်းမရှိကြောင်းနှင့် ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ်ပူးတွဲပါဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ဖြည့်စွက်မှတ်တမ်းများကို ပြည့်စုံစွာဖြည့်ဆည်းရန်လိုအပ်မည်ဖြစ်ပြီး သက်ဆိုင်ရာ ခရီးသွားအေဂျင်စီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လည်း တိုက်တွန်းထားသည်။ "လက်ရှိမှာတော့ ဝင်ရောက်ခွင့်ပြုတာကို ကန့်သတ်လိုက်စေချင်တယ်။ အခုခွင့်ပြုတယ်ဆိုတဲ့ ခရီးသည်တွေက ဝူဟန်ကိစ္စမတိုင်ခင်ကတည်းက စီစဉ်ထားတဲ့ ခရီးစဉ်တွေလို့သိရတယ်။ အကယ်လို့ ပက်ကေ့ချ်တိုးတွေ ဝင်မယ်ဆိုရင်လည်း ကျန်းမာရေးဝန်ကြီးဌာနရဲ့ဆုံးဖြတ်ချက်နဲ့အတူ ဆောင်ရွက်ဖို့ ထုတ်ပြန်ထားတော့ ဒီအတိုင်းဆို အဆင်ပြေပါတယ်"ဟု မန္တလေး ဧည့်လမ်းညွှန်အသင်းဥက္ကဋ္ဌ ဦးဝင်းဇော်ဝင်းကဆိုသည်။

မြန်မာနိုင်ငံသို့ လက်ရှိတွင် တရုတ်နိုင်ငံမှ လေကြောင်းလိုင်းအချို့ ပျံသန်းပြေးဆွဲမှုများရှိသော်လည်း မန္တလေးမြို့၏ ခရီးစဉ်ဒေသများဖြစ်သည့် ဦးပိန်တံတား၊ မဟာဂန္ဓာရုံ ကျောင်းတိုက်၊ မင်းကွန်းဒေသအစရှိသည့်နေရာများတွင် တရုတ်ခရီးသွား များကို မတွေ့ရကြောင်း ၎င်းကပြောသည်။ ဇန်နဝါရီလ ပထမပတ်အတွင်း စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် မြန်မာပြည်ကို အခြေပြု၍ ပျံသန်းပြေးဆွဲနေသည့် လေကြောင်းလိုင်း ၂၅ ခုကျော် ရှိသည့်အနက် ထက်ဝက်ခန့်ရပ်နားမှုများ ရှိခဲ့သည်။ တရုတ်နိုင်ငံမှ ပြေးဆွဲနေသည့် လေကြောင်းလိုင်းများသည် တစ်စီးလျှင် အနည်းဆုံး လူ ၁၀၀ ကျော် ဝင်ဆံ့သည့် လေယာဉ်အမျိုးအစားများကို အဓိကအသုံးပြုရသဖြင့် လက်ရှိပိတ်သိမ်းသည့် တရုတ်ခရီးစဉ်များအရ တစ်ရက်လျှင် တရုတ်ခရီးသည် ဝင်ရောက်သူဦးရေ ၁၀၀၀ ကျော်ခန့် နေ့စဉ်နည်းပါးနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံမှ အဓိကဝင်ရောက်သည့် လေကြောင်းခရီးစဉ် ထက်ဝက်နီးပါး ရပ်ဆိုင်းမှုသည် မြန်မာနိုင်ငံသို့ ဝင်ရောက်လာမည့် တရုတ်ခရီးသည် အနည်းအများနှင့်တိုက်ရိုက်သက်ဆိုင်နေပြီး ယခုလအတွင်း ဧည့်သည်ဝင်ရောက်မှု အရေအတွက်သည် သုံးသိန်းနီးပါး လျော့နည်းနေ မည်ဖြစ်သည်။ ထို့အတူ တရုတ်နိုင်ငံ ခရီးသွားဈေးကွက်ကို အဓိကလုပ်ကိုင်နေသော ကုမ္ပဏီများအနေဖြင့် အထိနာမည်ဖြစ်ကြောင်း မှတ်ချက်ပြုသည်။ လက်ရှိတွင် ကူမင်း၊ ရှန်ဟိုင်း၊ မန်စီး၊ ဟောင်ကောင်၊ ကွမ်ကျိုးနှင့်တိုင်ပေအစရှိသည့်မြို့များမှ အပတ်စဉ် ရီးသည် ဝင်ရောက်မှုများရှိနေသော်လည်း ယခင်ထက် နည်းပါးနိုင်ကြောင်း ဦးဝင်းဇော်ဝင်းကဆိုသည်။ ဧည့်သည့်ဝင်ရောက်မှု တိုးတက်လာခဲ့သည့် တရုတ်ဈေးကွက်ကို လက်ရှိတွင် ဆက်လက် မှီခိုရန် အချက်ကို ပြန်လည်သုံးသပ်ရန်လိုပြီး လက်ရှိတွင်အခြားနိုင်ငံများသို့လည်း ဈေးကွက်ဖြန့်ကြက်မှုများ ပြုလုပ်ထားရန် လိုအပ်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး အကြံပေးဦးခင်ဇော်က မြန်မာတိုင်း(မ်)ကိုပြောသည်။

**Source:** https://myanmar.mmtimes.com/news/135495.html

## ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေမှုကြောင့် အထည်ချုပ်လုပ်ငန်းများ၊ ဖရဲ၊ သခွားစသည့် သီးနှံထုတ်ကုန်များ ထိခိုက်နစ်နာနေသဖြင့် ပြည်တွင်းရောင်းအား မြှင့်တင်ရန်နှင့် အခြားနိုင်ငံများသို့တင်ပို့ရန် သက်ဆိုင်ရာနိုင်ငံရှိ သံအမတ်ကြီးများ၊ စီးပွားရေးသံမှူးများနှင့် ညှိနှိုင်းလျက်ရှိ



လက်ရှိကြုံတွေ့နေရသည့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေမှုများကြောင့် အထည်ချုပ်လုပ်ငန်းများ ထိခိုက်နစ်နာမှုဖြစ်ပေါ်သကဲ့သို့ ဖရဲသီး၊ သခွားသီးစသည့်သီးနှံထုတ်ကုန်များလည်း ထိခိုက်နစ်နာမှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ ပြည်တွင်းရောင်းအားမြှင့်တင်နိုင်ရန်နှင့် အခြားနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဈေးကွက်ရှာဖွေနိုင်ရန် သက်ဆိုင်ရာနိုင်ငံရှိ သံအမတ်ကြီးများ၊ စီးပွားရေးသံမှူးများနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ဖေဖော်ဝါရီ ၁၇ ရက်က နေပြည်တော်၌ကျင်းပသည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှ သိရသည်။

ကုန်သည်အသင်းအဖွဲ့များမှတင်ပြသည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခက်အခဲများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ထို့နောက် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်၊ ချင်းပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်အသင်း၊ ကုန်သည် စက်မှုအသင်းချုပ်၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအဖွဲ့နှင့် မြန်မာနိုင်ငံဆေးလိပ်နှင့်ဆေးရွက်ကြီး လုပ်ငန်းရှင်များ အသင်းတို့မှ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေး ဈေးကွက်တုံ့ဆိုင်းမှုကြောင့် ဖရဲ၊ သခွားမွေး ထုတ်ကုန်များအပေါ်

ပြည်တွင်းဈေးကွက် အမြန်ဆုံးရရှိရေးအတွက် ရန်ကုန်မြို့ရှိ ဈေးအချို့၌ ဆိုင်ခန်းဖွင့်လှစ်ရောင်းချရန်နှင့် မြို့တွင်းလှည့်လည်ရောင်းချရန် စီစဉ်ပေးထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

တရုတ်နိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေး ဈေးကွက်တံ့ဆိုင်းမှုကြောင့် ဖရဲ/ သခွားမွှေးထုတ်ကုန်များအပေါ် ပြည်တွင်းဈေးကွက်အမြန်ဆုံးရရှိရေးနှင့် ပြည်ပဈေးကွက်တိုးမြှင့်တင်ပို့နိုင်ရေးတို့အတွက် ရန်ကုန်မြို့၊ မြေပဒေသာကျွန်းတွင် ဖရဲ/ သခွားပွဲတော်ကျင်းပပြုလုပ်ရေး၊ တညင်းကုန်းလက်ကားဈေးတွင် သယ်ယူရောင်းဝယ်ရန် နေရာစီစဉ်ဆောင်ရွက်ပေးရေး၊ ရွှေပိတောက်ငါးဈေး (လှိုင်မြို့နယ်)တွင် သယ်ယူပို့ဆောင်ရောင်းဝယ်ရန် နေရာစီစဉ်ပေးခြင်း၊ ရတနာသီရိ ကုန်စိမ်းဈေး (ထောက်ကြန့်)အပေါ်ထပ်တွင် ရောင်းချရန်နေရာစီစဉ်ပေးခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ဈေးများအတွင်းရရှိနိုင် မည့်နေရာများတွင် ဆိုင်ခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၊ Door to Door စနစ်ဖြင့် ရန်ကုန်မြို့တွင်း လှည့်လည်ရောင်းချရန်စီစဉ်ပေးထားသည်။

မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌမှ ဘုရင့်နောင်ကုန်စည်ဒိုင်၊ အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း သယ်ယူရောင်းဝယ်ရန် နေရာစီစဉ်ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေး အဖွဲ့၏ အုပ်စု (၁၁) သိုလှောင်ရုံနှင့် ကြက်ဘဲဈေးအနီး မြန်မာ့ဂုဏ်ရောင်လမ်းမပေါ်ရှိ ကုန်သွယ်ရေးဦးစီးဌာနပိုင် တစ်ဇကေခန့်ဝင်းအတွင်း ယာယီဆိုင်ခန်းဖွင့်လှစ်ရောင်းချရန် စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန်စီစဉ်ပေးမည်ဟုပြောကြားခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

**Source:** https://news-eleven.com/article/160047

## အိန္ဒိယ-မြန်မာ နယ်စပ်တစ်လျှောက် နယ်စပ်ဈေး ၁၀ ဈေး ဖွင့်လှစ်မည်




အိန္ဒိယ-မြန်မာ နယ်စပ်တစ်လျှောက်တွင် နယ်စပ်ဈေး ၁၀ ဈေး ဖွင့်လှစ်ရန် အိန္ဒိယနိုင်ငံနှင့်မူအားဖြင့် သဘောတူထားပြီးဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ၁၅ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် နန်းယွန်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် အမတ် ဦးဝမ်းလှ၏ မေးမြန်းချက်ကိုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြန်လည်ဖြေကြားရာတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ "စစ်ကိုင်းတိုင်းဒေသကြီး ပန်ဆောင်မြို့ တွင် နယ်စပ်ဈေးဖွင့်လှစ်ရန် အိန္ဒိယနိုင်ငံဘက်က ကနဦးအဆိုပြုခဲ့ပါတယ်။ နယ်စပ်ဈေးများဖွင့်လှစ်ရန် ကိစ္စနှင့် ပတ်သက်ပြီး နယ်စပ်ဈေးများ စီမံခန့်ခွဲမှုနည်းလမ်း မူကြမ်းကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း အိန္ဒိယနိုင်ငံဘက်က သံတမန်နည်းလမ်းဖြင့် အကြောင်းကြားခဲ့ရာယင်း နယ်စပ်ဈေးများဖွင့်လှစ်နိုင်ရေး နှစ်နိုင်ငံညှိနှိုင်းလျက်ရှိပါတယ်"ဟု ဦးအောင်ထူးက ပြည်သူ့လွှတ်တော်တွင် ဖြေကြားခဲ့သည်။

ပန်ဆောင်မြို့တွင် နယ်စပ်ဈေးဖွင့်လှစ်ရန် လုံခြုံရေးကိစ္စများ အထူးတလှယ် ဆောင်ရွက်ရန်မလိုခြင်း၊ အခြေခံ အဆောက်အအုံများ တည်ဆောက်ပြီးဖြစ်ခြင်းနှင့် နယ်နိမိတ်တိကျစွာ တိုင်းတာသတ်မှတ်ပြီးဖြစ်ခြင်းတို့ကြောင့် ပန်ဆောင်ဒေသသည် နယ်စပ်ဈေးဖွင့်လှစ်ရန် သင့်တော်ကြောင်းလည်း ဦးအောင်ထူးကဆိုသည်။ နှစ်နိုင်ငံကြား နယ်စပ်ဈေးဖွင့်လှစ်နိုင်ရေး အခြေခံမူများကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်က ညှိနှိုင်းဆွေးနွေးခဲ့သေးသည်။ နယ်စပ်ဈေးများကို မြန်မာ™အိန္ဒိယနယ်စပ်တစ်လျှောက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဈေးငါးဈေးနှင့် ချင်းပြည်နယ်အတွင်း ဈေးငါးဈေးဖွင့်လှစ်ရန် မူအားဖြင့်သဘောတူထားပြီးဖြစ်ကြောင်း ၎င်းကဆိုသည်။ "နယ်စပ်ဈေးဆိုတော့ ကျွန်တော်တို့ အိန္ဒိယပစ္စည်း သုံးချင်ရင် အဲဒီဈေးမှာ သွားဝယ်။ အိန္ဒိယက လူတွေကလည်း ဒီကပစ္စည်း သုံးချင်ရင် ဒီဈေးမှာလာဝယ်ဆိုတဲ့ပုံစံမျိုးပါ။ သူတို့ဘက်ကဈေးက သူတို့ဘက်ခြမ်း၊ ကျွန်တော်တို့

ဘက်ခြမ်းကဈေးက ကျွန်တော်တို့ မြန်မာနိုင်ငံထဲမှာပေါ့"ဟု တမူးနယ်စပ် ကုန်သွယ်ရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်တင်ကဆိုသည်။ နယ်စပ်ဈေးများဖွင့်လှစ်ပြီးပါက ဒေသခံများအလုပ်အကိုင်ရရှိမှုတိုးတက်လာပြီး လူမှုဘဝဖွံ့ဖြိုး တိုးတက်လာနိုင်ကြောင်း ၎င်းကဆိုသည်။

စီမံခန့်ခွဲရေးနည်းလမ်းများကို နှစ်နိုင်ငံအပြန်အလှန်ညှိနှိုင်းပြီးပါက ဈေးတည်ဆောက်ရေးလုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်မည်ဟု ဦးအောင်ထူးကဆိုသည်။ နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေး နားလည်မှုစာချွန်လွှာကို ၂၀၁၂ ခုနှစ် မေ ၂၈ ရက်တွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့ပြီး ပထမအကြိမ် အိန္ဒိယ-မြန်မာ နယ်စပ်ဈေး ပူးတွဲကော်မတီ အစည်းအဝေး ကို ၂၀၁၂ ခုနှစ်အောက်တိုဘာ ၈ ရက်တွင် ပြုလုပ်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/135489.html

## လက်ပံပွင့်ခြောက် ရခိုင်သို့ တင်ပို့ရောင်းချနေရသဖြင့် အပိုဝင်ငွေရဟုဆို



မြန်မာပြည်အလယ်ပိုင်းဒေသများတွင် ယခုအချိန်ကာလ၌ လက်ပံပင်ကြီးများမှာ အပွင့်များ မြိုင်မြိုင်ဆိုင်ဆိုင် တစ်ပင်လုံးရဲရဲနီပွင့်နေကြပြီး လက်ပံပွင့်ခြောက်များကို ရခိုင်ပြည်နယ်သို့ တင်ပို့ရောင်းချနေရသဖြင့် လက်ပံပွင့်ကောက်ရောင်းချနေသူများ အပိုဝင်ငွေရရှိကာ အဆင်ပြေကြောင်း လက်ပံပွင့်ခြောက်ဝယ်ယူသည့် သီးနှံပွဲရုံများမှ သိရသည်။

အဆိုပါ လက်ပံပွင့်ခြောက်များကို ယခုကာလတွင်မှာယူကြပြီး မိုးတွင်းကာလများတွင် ဟင်းချက်စရာ အဖြစ် ဝယ်ယူကြကြောင်းသိရသည်။ "အခုလို အချိန်ကာလဆို လက်ပံပွင့်ခြောက်တွေကို ရခိုင်ဘက်က မှာတာကြောင့် နေ့စဉ်တင်ပို့ပေးနေရတယ်။ ရခိုင်တွေက လက်ပံပွင့်ခြောက် ကို မန်ကျည်းသီးမှည့်လှော်သလို လက်ပံပွင့်ခြောက်တွေကို ကြိုတင်ဝယ်ယူကာ လှောင်ထားကြတယ်။ မိုးတွင်းအခါ သွားရေး၊ လာရေးခက်ခဲတဲ့ အချိန်တွေမှာ အသား၊ ငါးတွေနဲ့ ရောနှောချက်စားကြတယ်။ အချဉ်ဟင်းချက်စားကြတယ်။ တချို့လည်း သုပ်စားကြတယ်။ အခုလက်ရှိ လက်ပံပွင့်ခြောက် တစ်ပိဿာကို ကျပ် ၉၀၀ ဈေးနဲ့ တင်ပို့ရောင်းချနေပါတယ်"ဟု မင်းဘူးမြို့ရှိ ဆင်ဖြူကျွန်းပွဲရုံပိုင်ရှင် မလတ်ကပြောသည်။

လက်ပံပွင့်ခြောက်များကို မြောက်ဦး၊ မင်းပြား၊ ပုဏ္ဏားကျွန်းမြို့များကို အဓိကတင်ပို့ပေးနေရကြောင်း၊ ရခိုင်ပြည်နယ်တွင် လက်ပံပွင့်ခြောက်များကိုပြုတ်ပြီး တစ်ပွင့်လျှင်ကျပ် ၅၀ ကြိုးဖြင့်တွဲပြီး ဈေးများ၊ ကားဂိတ်များတွင်ရောင်းချနေကြောင်း၊ ယခုနောက်ပိုင်း အညာဒေသဈေးများတွင် ပြုတ်ပြီးရောင်းချနေကြောင်း ၎င်းကပြောသည်။ "ကျွန်မတို့ ရွာပြင်မှာဆို လက်ပံပင်တွေ အလွန်ပေါတယ်။ အခုလို နွေဦးပေါက်ကာလဆို လက်ပံပွင့်တွေ တစ်ပင်လုံးရဲရဲနီပြီးပွင့်ကြတယ်။ အရင်ကတော့ လက်ပံပွင့်ခြောက်ဝယ်ယူတာမရှိခဲ့ပါဘူး။ မနှစ်ကစပြီး ပွဲရုံတွေကဝယ်တယ်ဆိုတော့ လက်ပံပွင့်တွေ လိုက်ကောက်ပြီး အခြောက်လှမ်းကာ တစ်ပိဿာကျပ် ၈၀၀ နဲ့ ရောင်းချပါတယ်"ဟု မင်းဘူးမြို့နယ် ရေမျက်ကျေးရွာနေ လက်ပံပွင့် ကောက်ရောင်းချသူ မမူကပြောသည်။ လက်ပံပွင့်အစို ငါးပိဿာကို နေလှန်းအခြောက်ခံလျှင် အပွင့်ခြောက် တစ်ပိဿာ ရရှိကြောင်း ညနေဘက် ရွာပြင်ထွက်ပြီးကောက်လျှင် အပွင့်စို ၁၀၊ ၁၂ ပိဿာလောက်ရကြောင်း၊ ငွေစိုက်ထုတ်စရာမလိုဘဲ အပိုဝင်ငွေ ရနေကြောင်း၊ လက်ရှိတွင် လက်ပံပွင့် ခြောက်ကို ဟင်းချက်စရာအဖြစ် ချက်ပြုတ်စားသောက်နေကြကြောင်း ၎င်းက ပြောသည်။

**Source:** https://myanmar.mmtimes.com/news/135455.html

## ဧရာဝတီတိုင်းမှတရုတ်နိုင်ငံသို့ တင်ပို့နေသည့်ငါးရှဉ့်ဈေးကွက်ရပ်တန့်နေ

ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်မှာ တရုတ်နိုင်ငံကို အဓိကတင်ပို့နေတဲ့ ရေထွက်ကုန်ပစ္စည်းတမျိုးဖြစ်တဲ့ ငါးရှဉ့် တင်ပို့မှုဟာ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့ဖြစ်ပွားနေတဲ့ တရုတ်နိုင်ငံဘက်က အဝယ်ရပ်တန့်လိုက်တာကြောင့် ဒေသခံငါးရှဉ့်လုပ်ငန်း

လုပ်ကိုင်သူတွေ အခက်အခဲဖြစ်နေပါတယ်။

လပွတ္တာမြို့နယ်မှာရှိတဲ့ လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းက မြို့ပေါ်ရေလုပ်ငန်းဒိုင်တွေနဲ့ ငါးဖန်း၊ ပုဇွန်၊ ငါး၊ ငါးရှည့် စတဲ့ ရေထွက်ကုန်တွေကို ရှာဖွေစားသောက်တဲ့လုပ်ငန်းတွေနဲ့ အဓိကဝင်ငွေရပြီး စားဝတ်နေရေး ရပ်တည်နေကြတာပါ။ ငါးရှည့်အဝယ်မပိတ်ခင်ကရှာဖွေစားသောက်ရတာ အဆင်ပြေနေပေမယ့် တရုတ်ဘက်က ငါးရှည့်အဝယ်ရပ်တန့်သွားပြီး နောက်ပိုင်း စားဝတ်နေရေး အခက်အခဲတွေဖြစ်ပေါ်လာတယ်လို့ မြို့ခံရေလုပ်ငန်းဒိုင်တစ်ဦးဖြစ်တဲ့ ကိုမောင်ထွေးကပြောပါတယ်။ "မပိတ်ခင်ကာလတစ်ခုမှာတုန်းက စားဝတ်နေရေးလေးတွေ ပုံမှန်ထမင်းနပ်မှန်အောင် စားနေကြရတယ်။ မြို့ပတ်ဝန်းကျင်မှာရှိတဲ့ အိမ်ထောင်စု ၁၀၀ မှာ ၈၀ ရာခိုင်နှုန်းလောက်က ရေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ သူတွေဖြစ်လို့ ခုလိုဝယ်တာတွေပိတ်လိုက်တော့ လုပ်ငန်းတွေရပ်ထားရတယ်။ အဲ့တော့ သူတို့တွေစားဖို့အဆင်ပြေအောင် ဈေးတန်းတခုလေး ဖွင့်ပေးပြီးတော့ဝယ်ပေးထားတယ်။ အရင်လောက်ဈေးမရတော့ သူတို့လည်းအဆင်မပြေဘူးပေါ့။ ခုဆို အိမ်ထောင်စုပေါင်း ဖ၀၀၀ ကျော်လောက် စားဝတ်နေရေးအတွက် တော်တော်ဒုက္ခရောက်နေပါတယ်"

ဧရာဝတီတိုင်းအတွင်းက ရေထွက်ပစ္စည်းတွေဖြစ်တဲ့ ငဖန်း၊ ပုဇွန်၊ ငါးရှည့်၊ ငါးဟောက်စတဲ့ ပင်လယ်ကနေရရှိလာတဲ့ ရေထွက်ကုန်တွေကို တရုတ်နိုင်ငံကိုတင်ပို့နေတဲ့ လပွတ္တာမြို့နယ်က ရေလုပ်ငန်းလုပ်ကိုင်တဲ့ဒိုင်တွေနဲ့ လုပ်သားတွေဟာ တရုတ်ပြည်ဘက်က ရေထွက်ပစ္စည်းတွေအဝယ်ရပ်တန့်သွားပြီးနောက်ပိုင်း အခက်အခဲတွေဖြစ်ပေါ်နေတာလို့ ဒေသခံ ရေလုပ်ငန်းလုပ်ကိုင်သူတွေက ပြောပါတယ်။ လက်ရှိအချိန်မှာ ဒေသခံရေလုပ်သားတွေအဆင်ပြေစေဖို့ ဒိုင်တွေအနေနဲ့ ဒိုင်မှာ အလုပ်လုပ်တဲ့လုပ်သားတွေကို လစာအနည်းငယ်လျှော့ပြီး အလုပ်ဆက်လက်ပေးထားတာနဲ့ ရေထွက်ပစ္စည်းရှာဖွေတဲ့ လုပ်သားတွေ စားဝတ်နေရေးအဆင်ပြေစေဖို့ ဈေးလျှော့ဝယ်တာတွေ လုပ်ဆောင်ပေးနေရပါတယ်။ ဝယ်ယူထားတဲ့ ငါးရှည့်၊ ငါးဟောက်တွေကို ဒေသတွင်းဈေးကွက်တွေမှာ ရောင်းချနေသလို ရောင်းချလို့မရရင် လှောင်အိမ်ထဲမွေးရပြီး သေရင်တော့ မြေမြှုပ်ပစ်ရတာတွေ ၊ ဖျက်ဆီးပစ်ရတာ တွေရှိတယ်လို့ ဒေသခံငါးရှည့်ငါးဟောက်လုပ်ငန်းဒိုင်တွေကပြောပါတယ်။

လပွတ္တာက ရေထွက်ပစ္စည်းတွေကို ရန်ကုန်မြို့နဲ့ မူဆယ်မြို့တွေကတဆင့် လေကြောင်းနဲ့ရော ကုန်းလမ်းခရီးကပါ ပို့ဆောင်ရာမှာ အရင်ကတိုက်ပွဲတွေကြောင့် လမ်းခရီးမလုံခြုံလို့ မကြာခဏရပ်တန့်ခဲ့ရဖူးပေမယ့် ခုတကြိမ်မှာ ရက်အကန့် အသတ်မရှိ ရပ်တန့်လိုက်လို့ လုပ်ငန်းရှင်ရော ရေလုပ်သားတွေပါ စားဝတ်နေရေးအခက်အခဲတွေနဲ့ ရင်ဆိုင်နေရတာလို့ ဒေသခံ ရေလုပ်ငန်းလုပ်ကိုင်သူတွေကပြောပါတယ်။ တရုတ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်လာပြီးနောက်ပိုင်း တရုတ်–မြန်မာနယ်စပ် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးကို ဇန်နဝါရီ ၂၂ ရက်က စတင် ပိတ်ထားခဲ့ တာပါ။

**Source: [http://burmese.dvb.no/archives/372351](http://burmese.dvb.no/archives/372351)**

**DVB TV News**

## ကုန်ကြမ်းပြတ်မှု ကြာရှည်ပါက အထည်ချုပ်စက်ရုံများ ပိတ်သိမ်းသည်အထိ ရှိလာနိုင်

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကုန်ကြမ်းပိတ်စများ ဝင်ရောက်မှုမရှိသဖြင့် ကာလကြာရှည်လာပါက ပြည်တွင်းရှိအထည်ချုပ် စက်ရုံများ ပိတ်သိမ်းရဖွယ်အထိရှိလာနိုင်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းကသိရသည်။ ထိုအခြေအနေ ကို ဖြေရှင်းရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (စီးပွား/ကူးသန်း) က မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်းနှင့် ဖေဖော်ဝါရီလ ၁၇ ရက်က ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း လတ်တလောတွင် အဖြေမရသေးကြောင်းသိရသည်။
မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း ဦးမြင့်စိုးက "အခုက နံပါတ် ၁ အလုပ်ချိန် လျှော့တယ်၊ နံပါတ်၂ လုပ် သားအင်အား လျှော့တယ်၊ နံပါတ် ၃ က စက်ရုံ ပိတ်မယ်။ အဲဒီလိုလုပ်လို့မှ မကောင်းလာရင် စက်ရုံ လုံးလုံး ပိတ်ရမယ်။ ဒီအတိုင်းပဲ သွားရမယ်" ဟု ဧရာဝတီသို့ ပြောသည်။

လတ်တလော၌ တရုတ်နိုင်ငံမှ ကုန်ကြမ်း ထုတ်လုပ်သည့် စက်ရုံများ ပြန်ဖွင့်မဖွင့်ကို စောင့်နေရသည့် အနေအထား ဖြစ်နေပြီး လက်ထဲတွင် ရှိပြီးသားကုန်ကြမ်းများနှင့် အချိန်ဆွဲ၍လုပ်ကိုင်နေရသောကြောင့် အထည်ချုပ်စက်ရုံများတွင် ပုံမှန် အလုပ်ချိန် ၈ နာရီ၊ အချိန်ပို ၂ နာရီခေါ်ရသည့်အခြေအနေမှ လက်ရှိတွင် အချိန်ပိုလျှော့ချထားကြောင်း ၎င်းကပြောသည်။

ဦးမြင့်စိုးက "အခုကိစ္စက တခါမှ မကြုံဖူးတဲ့ကိစ္စဖြစ်တယ်။ တချို့စက်ရုံတွေဆိုရင် စနေ၊ တနင်္ဂနွေပိတ်ရက်တွေကို ပြန်ပိတ်ပေးတယ်။ ဒီလိုလုပ်တဲ့ စက်ရုံတော်တော်များများနေပြီ" ဟု ပြောသည်။

လက်ရှိတွင် စီးပွားကူးသန်းသို့ အထည်ချုပ်လုပ်ငန်းရှင်များအသင်းက စက်ရုံများတွင် ကျန်ရှိသည့်ကုန်ကြမ်းပိတ် အခြေအနေများကို တင်ပြနေရကြောင်းသိရသည်။ ယခုအချိန်တွင် တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုမှာ ၁ လနီးပါးကြာမြင့်နေပြီး ကူးစက်ခံရသူ ၇ သောင်းကျော်နှင့် သေဆုံးသူ ၁၈၀၀ ကျော်ရှိနေပြီဖြစ်ကြောင့် ယင်းနိုင်ငံအာဏာပိုင်များက ကြေညာထားသည်။ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းရုံးအဖွဲ့ ဦးခင်မောင်ဦးက "တချို့လည်း လက်ကျန်ရှိတယ်။ တချို့လည်း လက်ကျန်မရှိတော့ဘူး။ အဲဒီလိုအခြေအနေလေးတွေကို စီးပွားကူးသန်းကိုတင်ပြနေရတဲ့ အနေအထားပါပဲ။ လက်ကျန်ရှိတဲ့သူအနေနဲ့လည်း မတ်လလောက်အထိ တောင့်ခံနိုင်မယ့်အနေအထားမရှိဘူး။ လက်ကျန်မရှိတဲ့ စက်ရုံတွေကလည်း ပိတ်ရမယ့်အနေအထားရှိတယ်" ဟု ရောဝတီသို့ပြောသည်။

လတ်တလော ပိတ်သိမ်းရမည့် အထည်ချုပ်စက်ရုံများ မရှိသော်လည်း□ ရက်ကြာလာသည်နှင့်အမျှ ပိတ်သိမ်းရမည့် စက်ရုံများရှိနေသည်ဟုၚင်းကဆိုသည်။  အထည်ချုပ် ပိတ်စကုန်ကြမ်းများကို တရုတ်နိုင်ငံမှ ၉၀ ရာခိုင်နှုန်းခန့် တင်သွင်းပြီး အင်ဒိုနီးရှား၊ ဗီယမ်နမ်၊ ထိုင်းနှင့် ကိုရီးယားနိုင်ငံတို့မှလည်းတင်သွင်းကြောင်း လုပ်ငန်းရှင်များကပြောသည်။ အထည်ချုပ်လုပ်ငန်းရှင်လည်း ဖြစ်သူ ဦးမြင့်စိုးက "၉၀ ရာခိုင်နှုန်းက တရုတ်ပြည်ကလာတယ်ဆိုတော့ ပြဿနာဖြစ်တယ်။ အဖြေကတော့ တရုတ်ဘက်က ဘယ်နေ့ဖွင့်မလည်းဆိုတာ ပြန်စောင့်နေရတယ်။ အခုတော့ ဖေဖော်ဝါရီ ၂၇ ရက် အထိ ပြန်ရောက်သွားတယ်" ဟု ပြောသည်။ ထို့အတူ တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးတွင်လည်း အခက်အခဲဖြစ်နေသော ဖရဲ၊ သခွားတင်ပို့မှုကဏ္ဍ၊ ကျွဲ၊ နွား၊ ဆိတ် အရှင် တင်ပို့မှု၊ ရေထွက်ကုန်တင်ပို့မှုကဏ္ဍနှင့် မြန်မာမှသွင်းကုန်ဖြစ်သည့် လက်ခစားစနစ် (CMP) လုပ်ငန်းများတွင် အခက်အခဲများဖြစ်နေကြောင့် ဖြေရှင်းနိုင်ရန် စီးပွားကူးသန်းအနေနှင့် ဆောင်ရွက်နေကြောင်းသိရသည်။

မူဆယ်နယ်စပ်ကုန်သွယ်ရေး ညွှန်ကြားရေးမှူး ဦးနန္ဒက "ကိုရိုနာဗိုင်းရပ်စ်ဖြစ်နေတော့ အကန့်အသတ်တွေ တရုတ်ဘက်ကလုပ်ထားတယ်။ ဒီဖေဖော်ဝါရီ ၁၃ ရက်မှာ တရုတ်ဘက် ရွှေလီက ကုန်သွယ်ရေးအကောက်ခွန်ရုံးကို ဖွင့်တယ်လို့ အသိပေးတော့ ဒီဘက်မှာလည်း ကုန်သွယ်မှုက နည်းနည်းလေး အသက်ဝင်လာတဲ့သဘောရှိတယ်။ ဒါပေမယ့် တချို့ အလုပ်ရုံတွေကလည်း ဖွင့်တယ်ဆိုပေမယ့် အလုပ်သမားတွေက မဆင်းကြသေးဘူး။ တချို့လည်း ပိတ်ထားနေတုန်းပဲ ဒါကြောင့် အရှိန်တော့မရသေးဘူး" ဟု ရောဝတီသို့ ပြောသည်။ ဆက်လက်၍ ၎င်းက "ပို့ကုန်က ဒေါ်လာ ၁ သန်း ကျော် ကနေ၂ သန်းနီးပါးလောက်ဖြစ်လာပြီ။ သွင်းကုန်ကလည်း ယခင် လက်ကျန်လေး အဲဒါတွေက ဝင်လာတော့ ဆောက်လုပ်ရေး ပစ္စည်းဖြစ်တဲ့ သံထည်တို့၊ ဓာတ်မြေသြဇာတို့ပဲဝင်တယ်။ အသီးဖြစ်တဲ့ လိမ္မော်သီးတို့ တင်သွင်းလို့ရတဲ့ ပန်းတချို့ဝင်တယ်။ စက်ရုံတွေမဖွင့်သေးတော့ အထည်လိပ်ကမဝင်ဘူး။ ၂၃ ရက်နောက်ပိုင်းမှ ပြန်ကောင်းမယ်ထင်တယ်" ဟု အခြေအနေကို ရှင်းပြသည်။
ယခင်က မူဆယ်နယ်စပ်သို့ အထည်လိပ်ပိတ်စကုန်ကြမ်းများမှာ ကုန်ကားများနှင့် နေ့စဉ်ဝင်ရောက်မှုရှိကြောင်း ပမာဏအားဖြင့် ပြောရန်ခက်ခဲကြောင်း ဦးနန္ဒကပြောသည်။

တရုတ်-မြန်မာ နယ်စပ် ကုန်သွယ်ရေး စခန်းဖြစ်သော မူဆယ်နယ်စပ်ကုန်သွယ်ရေးနှင့် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးတို့မှ ပိတ်စကုန်ကြမ်းများကို အများဆုံးတင်သွင်းကြောင်းသိရသည်။ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ဇန်နဝါရီ လကုန်အထိ ချုပ်ထည် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော် ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ဝန်ကြီးဌာနက သိရသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM)၊ လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေး အလုပ်သမားကိုယ်စားလှယ် မကြည်ကြည်ထွန်းက "တချို့စက်ရုံတွေလည်း ဘယ်အချိန်လောက်ထိ ဒါက ဖြစ်မယ်မှန်းမသိတော့ အလုပ်သမားကို Day ကြေးတို့၊ ဘာတို့ကို ရာခိုင်နှုန်းနဲ့ပေးပြီး စက်ရုံယာယီပိတ်သိမ်းမယ့် အနေအထားတွေရှိတယ်။ အဓိကတော့ အလုပ်ရှင်တွေအနေနဲ့ အလုပ်သမားအဖွဲ့အစည်းရှိတယ်ဆိုရင် ဒါကို ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်" ဟု ရောဝတီသို့ ပြောသည်။

အလုပ်ရှင်များဘက်မှ ရင်းနှီးမြှုပ်နှံမှုရှိသကဲ့သို့ အလုပ်သမားများအနေနှင့်လည်း စက်ရုံပိတ်သိမ်းမှုများကြုံလာပါက လတ်တလော စားဝတ်နေရေး ပြဿနာရှိသောကြောင့် အလုပ်သမားအဖွဲ့အစည်းရှိသော စက်ရုံများအနေနှင့် အလုပ်ရှင်၊ အလုပ်သမားညှိနှိုင်းပြီး လုပ်ဆောင်သင့်ကြောင်း ၎င်းကရှင်းပြသည်။ "အချိန်ပိုတွေလျှော့တာတော့ အလုပ်ရှင်အနေနဲ့

အခြေအနေကို အလုပ်သမားတွေကို သတင်းတွေစုစည်းပြီး ပြောပြတာမျိုးလုပ်သင့်တယ်။ တချို့အလုပ်သမားတွေက ကိုရိုနာဗိုင်းရပ်စ်ဖြစ်တာကိုသိပေမယ့် ကိုယ့်နိုင်ငံမှာ ဖြစ်တာမဟုတ်ဘူးဆိုပြီး အလုပ်ရှင်ကတမင်လုပ်တာလို့ထင်တယ်။ အမှန်တော့ ဒါကဆက်စပ်ပြီး တကယ်ဖြစ်နေတာ။ ဒါကြောင့် အသိပေးလုပ်သင့်တယ်”ဟု မကြည်ကြည်ထွန်းကဆိုသည်။

ရန်ကုန်တိုင်း တတိုင်းလုံးအနေနှင့် အထည်ချုပ်လုပ်ငန်းများတွင် လုပ်ကိုင်နေသည်မှာ လုပ်သားဦးရေ ၅ သိန်းကျော်အထိ ရှိနိုင်ပြီး လှိုင်သာယာမြို့နယ် တခုတည်းတွင်ပင် လုပ်သား ၃ သိန်းနီးပါးနှင့် အသေးစား၊ အလတ်စား၊ အကြီးစားအထည်ချုပ်စက်ရုံ ၅၀၀ မှ ၆၀၀ နီးပါး ရှိကြောင်း CTUM က သိရသည်။ ရန်ကုန်မြို့တွင် စက်မှုဇုန် ၂၉ ဇုန် ရှိသည့်အနက် လှိုင်သာယာစက်မှုဇုန်သည် လုပ်သားဦးရေနှင့် အထည်ချုပ်စက်ရုံအများဆုံးတည်ရှိသည့်နေရာဖြစ်သည်။

**Source:** https://burma.irrawaddy.com/business/2020/02/18/215837.html

## အမေရိကန်မှ ဆေးဝါးတင်ပို့ကုန်များအပေါ် တရုတ်အခွန်လျှော့ချမည်

တရုတ်နိုင်ငံအတွင်း၌ နိုဗယ်ကိုရိုနာ ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု တိုက်ဖျက်ရေး အကြိတ်အနယ် ရင်ဆိုင်ကြိုးပမ်း နေရ ချိန်တွင် အမေရိကန်မှ ဆေးဝါးနှင့် ဆေးပစ္စည်းတင်ပို့ကုန်များအပေါ် တရုတ်နိုင်ငံက အခွန်လျှော့ကောက် မည်ဖြစ်ကြောင်း တရုတ်အစိုးရက ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြောကြားလိုက်သည်။ အခွန်လျှော့ချမှုသည် လာမည့် မတ် ၂ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်းသိရသည်။ နိုင်ငံအတွင်းရှိ တိုးချဲ့ဆေးရုံများတွင် အခြေခံဆေးဝါးပစ္စည်းကိရိယာများ မလုံလောက်မှုဖြစ်ပေါ်နေသည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသည့် လူနာများကိုကုသမှုများ ဆောင်ရွက်ပေးနေသည့် ဆရာဝန်များနှင့် သူနာပြုများအနေဖြင့် ဆေးကုသမှုဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရချိန်တွင် ဆေးဝါးတင်ပို့ကုန်များအပေါ် အခွန်လျှော့ချရေး လုပ်ဆောင်လာခြင်းဖြစ်သည်။တရုတ်ပြည်မကြီး၌ လက်ရှိကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၇၂၀၀၀ ကျော်ရှိပြီး ဗိုင်းရပ်စ်ကြောင့် အသက်ဆုံးရှုံးရသူ ၁၈၀၀ ကျော်ရှိပြီဖြစ်ကြောင်းသိရသည်။ အခွန်လျှော့ချပေးမည့် ဆေးဝါးတင်ပို့ကုန်များတွင် သွေးသွင်းကိရိယာ၊ သွေးဖိအားတိုင်းကိရိယာများနှင့် လူနာကိုစောင့်ကြည့်စစ်ဆေးသည့်ဆေးပစ္စည်းများ ပါဝင်ကြောင်း အခွန်တိုးကောက်ခံမှုဆိုင်ရာ နိုင်ငံတော်ကောင်စီမှ ထုတ်ပြန်ထားသည့် စာရင်းအရသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ကမ္ဘာ့ရွှေတစ်ရက်တည်းမှာပဲ ဒေါ်လာ ၂၀ လောက်ခုန်တက်

ကိုရိုနာဗိုင်းရပ်စ်ကြောင့် စင်ကာပူ၊ ဂျပန်၊ တရုတ်စတဲ့ အာရှကျားသုံးကောင်ရဲ့ စီးပွားရေးတုံ့နှေးလာပြီး ရင်းနှီးမြှုပ်နှံသူအများစုက ရွှေကို safe haven အဖြစ်ဝယ်ယူခဲ့ကြပါတယ်။ ဒါကြောင့် ယူအက်စ် စတော့ခ်ရှယ်ယာဈေးများ ၊ ငွေချေးစာချုပ်များ ပြိုလဲခဲ့ပြီး အက်ပဲလ် ကုမ္ပဏီမှ Q1 မှာ အမြတ်ငွေ များစွာ လျော့နည်းသွားနိုင်တယ်ဆိုတဲ့ အချက်တွေကြောင့် ကမ္ဘာ့ရွှေဈေးဟာ တစ်ရက်တည်းမှာပဲ ဒေါ်လာ ၂၀ လောက်ခုန်တက်ခဲ့ပြီး ခုနစ်နှစ်အတွင်း အမြင့်ဆုံးအပိတ်ဈေး ဒေါ်လာ ၁၆၀၀ ဈေးနဲ့ ပိတ်ခဲ့ပါတယ်။ လက်ရှိ ကမ္ဘာ့ရွှေဈေးဟာ အတက်အားကောင်းနေပြီး ကိုရိုနာဗိုင်းရပ်စ်ရဲ့ ပြဿနာမပြေလည်မချင်း ဈေးထပ်တက်ဖို့ ရှိနေပါတယ်။

ဒီတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်မှာတော့ နှစ်ရက်အတွင်း ကျပ်တစ်သောင်းကျော်ဈေးတက်ခဲ့ပြီး ယနေ့ နေ့လယ် ၁၂ း၀၀ အချိန်မှာ တစ်ကျပ်သား ၁၂၃၁၀၀၀ ပေါက်ဈေးရှိခဲ့ပါတယ်။ ဒေါ်လာဈေးကတော့ ၁၄၄၈ ကျပ်ဝန်းကျင်မှာ ရှိနေပြီး ဗဟိုဘဏ်မှ ယခုနှစ် ၂၀၂၀ ထဲ ဈေးကွက်ထဲကနေ ဝယ်ယူခဲ့တဲ့ ဒေါ်လာ စုစုပေါင်းမှာ ဒေါ်လာသန်း၅၀ ကျော်ရှိခဲ့တယ်လို့ ဈေးကွက်သုံးသပ်သူ ကိုသူရထွန်းက ပြောပါတယ်။ ဖေဖော်ဝါရီ ၁၉ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ်၁၂၃၀၀၀၀ ၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ်၁၂၃၀၀၀၀ ဖြစ်ပါတယ်။ဖေဖော်ဝါရီ ၁၈ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ်၁၂၂၃၀၀၀ ၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ်၁၂၂၃၀၀၀ ဖြစ်ပါတယ်။ ကမ္ဘာ့ရွှေဈေးကတော့ ဖေဖော်ဝါရီ ၁၉ရက် တစ်အောင်စကို ၁၆၀၂ ဒေါ်လာ ဖြစ်ပါတယ်။ဖေဖော်ဝါရီ ၁၈ရက် တစ်အောင်စကို ၁၅၈၇ ဒေါ်လာဖြစ်ပါတယ်။

Source:https://www.kumudranews.com/news-37211

---

## ကမ္ဘောဒီးယားနိုင်ငံ၏ EBA ကုန်သွယ်မှုအကျိုးခံစားခွင့်အား အီးယူမှ partial withdrawl အဖြစ် ရုပ်သိမ်းမည်

ကမ္ဘောဒီးယားနိုင်ငံအပေါ် EBA ကုန်သွယ်မှုအကျိုးခံစားခွင့်အား တစ်စိတ်တစ်ပိုင်းရုပ်သိမ်းမှု (partial withdrawl) အဖြစ် ရုပ်သိမ်းသွားရန် ဥရောပကော်မရှင်ကဆုံးဖြတ်ခဲ့ကြောင်း၊ အဆိုပါ အကောက်ခွန်သက်သာခွင့်များနေရာတွင် အီးယူ၏ MFN အခွန်နှုန်းထားများ အစားထိုးဝင်ရောက် လာမည်ဖြစ်သဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ချုပ်ပြီးအထည်နှင့်ဖိနပ်ကုန်စည်များ၊ ခရီးသွားလုပ်ငန်းသုံး ကုန်စည်များနှင့်သကြားတို့အပေါ် သက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ ထိုသို့ရုပ်သိမ်းမှုသည် ကမ္ဘောဒီးယားနိုင်ငံမှ အီးယူသို့ နှစ်စဉ်တင်ပို့မှုပမာဏ၏ ငါးပုံတစ်ပုံခန့် (ယူရို ၁ ဘီလီယံခန့်) တန်ဖိုးရှိမည်ဖြစ်ကြောင်း၊ ဥရောပပါလီမန်နှင့် ဥရောပကောင်စီတို့က ကန့်ကွက်ခြင်းမရှိပါက အဆိုပါဆုံးဖြတ်ချက်သည် ၁၂-၈-၂၀၂၀ နေ့တွင် စတင် အသက်ဝင်မည်ဖြစ်ကြောင်း ၁၂-၂-၂၀၂၀ နေ့တွင် ဥရောပ ကော်မရှင်က သတင်းထုတ်ပြန်ခဲ့ပါသည်။

ဥရောပကော်မရှင်၏ ဆုံးဖြတ်ချက်သည် အီးယူကုန်သွယ်မှုလုပ်ငန်းစဉ်၏ ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ကို ထိန်းသိမ်းထားခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ဖြေရှင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှုနှင့် ပို့ကုန်အမျိုးမျိုးကွဲပြားတင်ပို့နိုင်မှုတို့အား ဆက်လက်ထောက်ပံ့ပေးရန် လိုအပ်မှုကိုလည်း အသိအမှတ်ပြုထားကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံရှိ ထွန်းသစ်စစက်မှုလုပ်ငန်းများအားလုံးသည် အီးယူဈေးကွက်သို့ အခွန်ကင်းလွတ်ခွင့်နှင့်အရေအတွက် ကန့်သတ်ချက်ကင်းလွတ်ခွင့်များ ဆက်လက်ရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ တန်ဖိုးမြှင့်ချုပ်ပြီးအထည်များ (high value-added garments) နှင့် အချို့သောဖိနပ်ထုတ်ကုန်များမှာလည်း အလားတူကင်းလွတ်ခွင့်များ ဆက်လက်ရရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

အီးယူမှ ကမ္ဘောဒီးယားနိုင်ငံအပေါ် EBA ကုန်သွယ်မှုအကျိုးခံစားခွင့် ယာယီရုပ်သိမ်းရေး လုပ်ငန်းစဉ်အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ခဲ့ခြင်းဖြစ်ပြီး၊ နိုင်ငံရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ သိသာသောတိုးတက်မှုမရှိခဲ့ကြောင်း၊ ဥရောပကော်မရှင်အနေဖြင့် ကမ္ဘောဒီးယားအာဏာ ပိုင်များ၏ ဆောင်ရွက်ချက်များ အထူးသဖြင့် အလုပ်သမားအခွင့်အရေးနှင့် မြေယာဆိုင်ရာအခွင့် အရေးများနှင့်ပတ်သက်၍ အသိအမှတ်ပြုကြောင်း၊ ဥရောပကော်မရှင်နှင့် ဥရောပပြည်ပဆက်ဆံရေး ဌာနတို့အနေဖြင့် ကမ္ဘောဒီးယားအာဏာပိုင်များနှင့်ထိတွေ့၍ လူ့အခွင့်အရေးနှင့် အလုပ်သမား အခွင့်အရေးအခြေအနေများကို နီးနီးကပ်ကပ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း၊ အီးယူမှ ဖော်ပြထားသည့်အချက်များတွင် သိသာသောတိုးတက်မှုကိုပြသနိုင်ခဲ့ပါက ဥရောပကော်မရှင်အနေဖြင့် အကောက်ခွန်ကင်းလွတ်သက်သာခွင့်ကို ပြန်လည်ပေးအပ်သွားနိုင်ရေးနှင့်စပ်လျဉ်းသည့် ယင်း၏ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်နိုင်မည်ဖြစ်ကြောင်း အဆိုပါသတင်းအရသိရှိရပါသည်။

Source: https://ec.europa.eu/trade

စီးပွားရေးသံမှူး-ဘရပ်ဆဲလ်

## အီးယူ-ဗီယက်နမ် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်များအား ဥရောပပါလီမန်မှ အတည်ပြုခဲ့ခြင်းကို ဥရောပကော်မရှင်ကြိုဆို

အီးယူ-ဗီယက်နမ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်များအား ဥရောပပါလီမန်မှ အတည်ပြုရန် ဆုံးဖြတ်ချက်ကို ဥရောပကော်မရှင်က ကြိုဆိုကြောင်း၊ ယခုအခါ အီးယူ-ဗီယက်နမ် ကုန်သွယ်မှုသဘောတူညီချက်သည် ဗီယက်နမ်နိုင်ငံ၏ တရားဝင်အတည်ပြုခြင်းလုပ်ငန်းစဉ်များ ပြီးဆုံးပါက ၂၀၂၀ ခုနှစ်အတွင်း စတင်အသက်ဝင်တော့မည် ဖြစ်ကြောင်း၊ အဆိုပါကုန်သွယ်မှုသဘောတူညီချက်သည် အီးယူနှင့်ဗီယက်နမ်နိုင်ငံတို့အကြား ကုန်သွယ်မှုပြုသည့် ကုန်စည်များ အပေါ် အခွန်နှုန်းထားများအားလုံးကို ဖယ်ရှားသွားမည်ဖြစ်ပြီး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်သမားအခွင့် အရေးများ လေးစားလိုက်နာမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းနှင့်ရာသီဥတုဆိုင်ရာ ပါရီသဘောတူညီချက် များနှင့် စပ်လျဉ်းသည့်ဥပဒေကြောင်းအရ ခိုင်မာသည့်ကတိကဝတ်များကိုလည်း အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း ဥရောပ ကော်မရှင်၏ ၁၂-၂-၂၀၂၀ နေ့တွင် သတင်းထုတ်ပြန်ခဲ့မှုအရသိရပါသည်။

အီးယူ-ဗီယက်နမ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်သည် ကြီးမားသော စီးပွားရေးအလားအလာရှိပြီး၊ စားသုံးသူများ၊ အလုပ်သမားများ၊ လယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများအတွက် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း၊

စီးပွားရေးအကျိုးကျေးဇူးများသာမက ကုန်သွယ်မှုမူဝါဒချမှတ်မှု၏ ကောင်းမွန်ခြင်းကိုလည်း သက်သေပြသမှုဖြစ်ပါကြောင်း၊ အီးယူနှင့် ကုန်သွယ်ရေးဆွေးနွေးမှုများကြောင့် ဗီယက်နမ်နိုင်ငံသည် ယင်း၏ အလုပ်သမားအခွင့်အရေးများ တိုးတက်မှုရှိရေးများစွာကြိုးပမ်းအားထုတ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ သဘောတူညီချက်များ အသက်ဝင်လာသည့်အချိန်တွင် ဗီယက်နမ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို စောင့်ကြည့်လေ့လာ၍ မြင့်တင်ပေးနိုင်မည့်အလားအလာကို ပိုမိုတိုးတက်လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း အီးယူ၏ ကုန်သွယ်ရေးကော်မရှင်နာဖြစ်သူ Phil Hogan က ပြောကြားခဲ့ပါသည်။

ယခုသဘောတူညီချက်သည် အီးယူနှင့်ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံတို့အကြား ချုပ်ဆိုသည့် ကျယ်ပြန့်လွှမ်းခြုံမှုအများဆုံး ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ဖြစ်ပြီး၊ ဗီယက်နမ်နိုင်ငံသည် ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားလျက် အခွန်နှုန်းထားများကို (၁၀)နှစ် တာကာလအတွင်း တဖြည်းဖြည်းချင်းဖယ်ရှားပေးသွားမည်ဖြစ်ကြောင်း၊ အီးယူ၏အရေးပါသော ပို့ကုန်များဖြစ်သည့် ဆေးဝါးများ၊ ဓါတုပစ္စည်းနှင့် စက်ပစ္စည်းများသည် သဘောတူညီချက် အသက်ဝင်ချိန်မှစတင်၍ သွင်းကုန်ခွန်ကင်းလွတ်ခွင့် ခံစားနိုင်မည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုသဘောတူညီချက်တွင် မော်တော်ယာဉ်လုပ်ငန်းကဏ္ဍဆိုင်ရာ အကောက်ခွန်မဟုတ်သော အတားအဆီးများ အားဖြေရှင်းဆောင်ရွက်ရန် သီးခြားပြဋ္ဌာန်းချက်များလည်း ပါဝင်ကြောင်း၊ အီးယူ၏ ဒေသဆိုင်ရာ အညွှန်းထုတ်ကုန်များဖြစ်သည့် Rioja ဝိုင်နှင့် Roquefort ချိစ်ကဲ့သို့သောရိုးရာ စားသောက်ကုန် ပစ္စည်းများ အကာအကွယ်ပေးမှုလည်း ပါဝင်မည်ဖြစ်ကြောင်းသိရပါသည်။

အီးယူ-ဗီယက်နမ်ကုန်သွယ်ရေးသဘောတူညီချက်မှတစ်ဆင့် အီးယူကုမ္ပဏီများသည် နိုင်ငံပိုင်လုပ်ငန်းများနှင့် အစိုးရဝယ်ယူရေးဆိုင်ရာတင်ဒါလုပ်ငန်းများတွင် ဗီယက်နမ်ကုမ္ပဏီများနှင့် တန်းတူအခွင့်အရေးဖြင့် ပါဝင်ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ပါသည်။ အရေးပါသော စီးပွားရေး အခွင့်အလမ်းများအပြင် ယခုသဘောတူညီချက်သည် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့အား စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူတကွ ဘက်ညီတိုးတက်စေရေး အလုပ်သမား၊ သဘာဝပတ်ဝန်းကျင်နှင့်စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ မြင့်မားသည့်စံချိန်စံညွှန်းများကိုလည်း ချမှတ်ထား ကြောင်းသိရပါသည်။

အဆိုပါသဘောတူညီချက်အရ အလုပ်သမားအခွင့်အရေးနှင့် စပ်လျဉ်းသည့် ILO ကွန်ဗင်း ရှင်းများအား အတည်ပြုရေး၊ ပါရီသဘောတူညီချက်အကောင်အထည်ဖော်ရေးနှင့် လွတ်လပ်သော အရပ်ဘက်အဖွဲ့အစည်းများပါဝင်ရေး ကတိကဝတ်များကို နှစ်ဘက်စလုံးမှ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများရှိခဲ့လျှင် သင့်လျော်သည့် ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် အီးယူ-ဗီယက်နမ် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်နှင့် ယခု ကုန်သွယ်ရေးသဘောတူညီချက်အား ချိတ်ဆက်ထားကြောင်းသိရပါသည်။

ဥရောပပါလီမန်မှ အတည်ပြုချက်ရရှိခဲ့ပြီဖြစ်သဖြင့် ကောင်စီအနေဖြင့် ယခုအခါ အီးယူ-ဗီယက်နမ်ကုန်သွယ်မှု သဘောတူညီချက်ကို အဆုံးသတ်နိုင်မည်ဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံဘက်မှ ကုန်သွယ်မှုသဘောတူညီချက်အား အတည်ပြုရေး လုပ်ငန်းစဉ် ပြီးဆုံးပါက သဘောတူညီချက်စတင် အသက်ဝင်နိုင်မည်ဖြစ်ရာ ၂၀၂၀ ပြည့်နှစ်၊ ဥရောပ၏ နွေရာသီ အစောပိုင်းကာလတွင် အသက်ဝင်လာနိုင်ဖွယ်ရှိကြောင်းသိရပါသည်။ အီးယူနှင့်ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုအကာအကွယ် ပေးရေး သဘောတူညီချက်မှာ အီးယူအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အတည်ပြုရေးလုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်ပါသည်။ ယင်းသဘောတူညီချက်အသက်ဝင်လာပါက အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် ဗီယက်နမ်နိုင်ငံတို့အကြား လက်ရှိနှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်များ နေရာတွင်အစားထိုးဝင်ရောက်လာမည် ဖြစ်ကြောင်းသိရပါသည်။

**Source:** https://ec.europa.eu/trade

စီးပွားရေးသံမှူး-ဘရပ်ဆဲလ်

## ၂၀၁၉ ခုနှစ်တွင် ဥရောပ၏ ပြည်ပကုန်သွယ်မှုတိုးတက်ခဲ့ခြင်း

ဥရောပ၏ စာရင်းအင်းအေဂျင်စီ Eurostat မှထုတ်ပြန်ခဲ့သည့် စာရင်းဇယားများအရ ၂၀၁၉ ခုနှစ်တွင် ယူရိုဇုန်အနေဖြင့် ကုန်သွယ်မှုပိုငွေ ယူရို ၂၂၅.၇ ဘီလီယံရှိခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်က ကုန်သွယ်မှုပိုငွေပမာဏ ယူရို ၁၉၄.၆ ဘီလီယံထက် ကျော်လွန်ခဲ့ခြင်းဖြစ်ကြောင်း ဘရပ်ဆဲလ်တိုင်းမ်သတင်းဌာန၏ ၁၄-၂-၂၀၂၀ နေ့တွင် သတင်း ထုတ်ပြန်ချက်အရသိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ နိုင်ငံတကာကုန်သွယ်မှုတွင် ယူရိုဇုန်အနေဖြင့် ပို့ကုန်ယူရို ၂၃၄၅.၄ ဘီလီယံတင်ပို့ခဲ့ပြီး ၂၀၁၈ ခုနှစ်နှိုင်းယှဉ်ပါက ၂.၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ယူရိုဇုန်၏ သွင်းကုန်တင်သွင်းမှုတန်ဖိုးမှာ ယူရို ၂၁၁၉.၇ ဘီလီယံရှိခဲ့ပြီး၊ ၁.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ အီးယ ူအဖွဲ့ဝင်နိုင်ငံများအားလုံးမှ ပို့ကုန်တင်ပို့မှုတွင်လည်းတိုးတက်ခဲ့ပြီး ယူရို ၂၁၃၂.၃ ဘီလီယံဖြင့် တိုးတက်မှု ၃.၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အီးယူအဖွဲ့ဝင်နိုင်ငံများ၏ သွင်းကုန်တင်သွင်းမှုအပိုင်းတွင် ယူရို ၁၉၃၂ ဘီလီယံဖြင့် တိုးတက်မှုမှာ ၁.၃ ရာခိုင်နှုန်းရှိခဲ့ပြီး၊ ကုန်သွယ်မှုပိုငွေ ယူရို ၂၀၀.၃ ဘီလီယံရရှိခဲ့ကြောင်းသိရှိရပါသည်။ အီးယူ အနေဖြင့် ကုန်သွယ်မှုပိုငွေအများဆုံးအဖြစ် အမေရိကန်နိုင်ငံနှင့်ကုန်သွယ်မှုတွင် ပိုငွေယူရို ၁၅၂.၆ ဘီလီယံရှိခဲ့ပြီး၊ ကုန်သွယ်မှုလိုငွေအများဆုံးဖြစ်ပေါ်ခဲ့မှုမှာ တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုတွင် လိုငွေယူရို ၁၆၃ ဘီလီယံရှိခဲ့ကြောင်း အဆိုပါ သတင်းက ဖော်ပြထားပါသည်။

**Source:** https://www.brusselstimes.com

စီးပွားရေးသံမှူး-ဘရပ်ဆဲလ်

## STOCK EXCHANGE (19.2.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 19th Feb. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 12,000 | 13,178 | 158,136,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 7,906 | 31,228,700 | 38,929,150 | 153,770 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 1 | 8,200 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +500 | +2.22% | 22,500 | 23,000 | 22,500 | 334 | 7,579,500 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 0 | 0 | 12,823,224 | 37,187 |

### Market summary

As of 19th Feb. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 480.86 | +0.90 | +0.19% | 479.96 | 480.86 | 479.96 | 21,419 | 196,952,400 | 5 | 658,455 |

**Index chart**



# Market Overview

As of 12:00 pm, 19th Feb. 2020

| MYANPIX | 480.86 ▲ 0.90 |
|---|---|
| Total Volume (shares) | 17,729 |
| Total Value (MMK) | 181 mil |
| Listed Company | 5 |
| Market Cap. (MMK) | 658,455 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 3,950 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 500 |
| TMH | 00005 | 2,900 | ▲ 0 |

TIR